ကန့်သတ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ (၄.၉.၂၀၂၀)ရက်နေ့တွင် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ စိစစ်သုံးသပ်တင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀- ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးရန်အမည်စာရင်းပေးပို့တဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံး ရေးဆွဲတင်သွင်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၂ အရ ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမဦးစွာ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ အတွင်းရေးမှူး၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာစိစစ်ရေးကော်မတီ။** အားလုံးပဲ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာ သူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါ၀ရပြုအပ်ပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း) အပေါ် ကော်မတီက စိစစ်သုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၂၀- ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှာ သာမန်ရငွေ ကျပ် ၅၇,၉၃၄.၅၅၉ သန်း၊ ငွေလုံးငွေရင်းရငွေကျပ် ၀.၀၂၀ သန်း၊ စုစုပေါင်းရငွေ ၅၇,၉၃၄.၅၇၉ သန်းဖြစ်ပြီး သာမန် အသုံးစရိတ် ကျပ် ၁၁၂,၆၅၇.၅၉၃ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၂၂၇,၃၂၂.၇၄၃ သန်း၊ စုစုပေါင်းသုံးငွေ ကျပ် ၃၃၉,၉၈၀.၃၃၆ သန်း ဖြစ်သဖြင့် လိုငွေ ကျပ် ၂၈၂,၀၄၅.၇၅၇ သန်း ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

၂၀၂၀- ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရငွေစုစုပေါင်းမှာ အခွန်အကောက်ရငွေ ကျပ် ၃,၉၆၁.၂၈၉ သန်း၊ အခြားသာမန်ရငွေ ကျပ် ၄၇,၉၇၃.၂၇၀ သန်း၊ ငွေလုံးငွေရင်းရငွေ ကျပ် ဝ.ဝ၂ဝ သန်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေကျပ် သန်း ၅,၀၀၀.၀၀၀ ၊ အရေးပေါ်ရန်ပုံငွေအတွက် ရငွေကျပ်သန်း ၁,၀၀၀.၀၀၀ ဖြစ်သဖြင့် ရငွေစုစုပေါင်းမှာ ကျပ် ၅၇,၉၃၄.၅၇၉ သန်း ဖြစ်သဖြင့် ဘတ်ဂျက်လိုငွေအတွက် ကျပ် ၂၈၂,၀၄၅.၇၅၇ သန်းကို ပြည်ထောင်စုမှ ဖြည့်ဆည်းပေးထားကြောင်း တွေ့ရှိရပါတယ်။

၂၀၂၀- ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဗဟိုအဖွဲ့အစည်းများ၏ ရငွေ ကျပ် ၃၂,၁၉၅.၅၇၄ သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ရငွေ ကျပ် ၂၈၇,၈၇၉.၁၉၉ သန်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ ကျပ်သန်း ၃၀.၀၀၀၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေကျပ် ၁၉,၈၇၅.၅၆၃ သန်း၊ စုစုပေါင်းရငွေ ကျပ် ၅၇,၉၃၄.၅၇၉ သန်း ဖြစ်ပြီး ဗဟိုအဖွဲ့အစည်းများ၏ အသုံးစရိတ်မှာ ကျပ် ၇၆,၃၆၃.၀၉၀ သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ အသုံးစရိတ်ကျပ် ၁၉၁,၃၄၈.၀၈၀ သန်း၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ အသုံးစရိတ်ကျပ် ၄၁,၁၀၅.၀၀၀ သန်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ အသုံးစရိတ် ကျပ် ၃၁,၁၆၄.၁၆၆ သန်း၊ စုစုပေါင်း အသုံးစရိတ် ကျပ် ၃၃၉,၉၈၀.၃၃၆ သန်း ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အခွန်အကောက်ရငွေ ခန့်မှန်းခြေစာရင်းတွင် ပြည်နယ်အစိုးအဖွဲ့၏ ရေခွန်၊ တာတမံခွန်နှင့် ဓာတ်သတ္တုပစ္စည်းခွန်အတွက် ရရှိသည့်အခွန် ကျပ် ၁၁၆.၆၉၅ သန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယစ်မျိုးခွန်အတွက် ရရှိသည့်အခွန် ကျပ် ၁,၂၃၆.၉၀၁ သန်း၊ မြေယာပေါ်တွင် ကောက်ခံသည့်အခွန် ကျပ် ၆၆၀.၃၂၄ သန်း၊ ဓာတ်သတ္တုပစ္စည်းခွန် ကျပ် ၃၁၅.၅၈၁ သန်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ အင်းအိုင်ခွန်အတွက် ရရှိသည့်အခွန် ကျပ် ၁၁.၆၀၀ သန်း၊ သစ်တောဦးစီးဌာန၏ သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အခွန် ကျပ် ၁၃၃.၄၃၀ သန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ပစ္စည်းခွန် ကျပ် ၁,၁၁၂.၁၆၅ သန်း၊ ဘီးခွန် ကျပ် ၃၇၄.၅၉၃ သန်း၊ စုစုပေါင်း ကျပ် ၃,၉၆၁.၂၈၉ သန်း လျာထားကြောင်း တွေ့ရှိရပါတယ်။

၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်တွင် ၀၁- လစာစရိတ်ချီးမြှင့်ငွေ ကျပ် ၄၀,၆၅၅.၆၆၆ သန်း၊ ၀၂- ခရီးသွားလာစရိတ် ကျပ် ၁,၁၀၃.၆၆၈ သန်း၊ ၀၃- ပစ္စည်းများ၊

လုပ်အားနှင့် ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ် ကျပ် ၁၈,၁၃၁.၁၂၇ သန်း၊ ၀၄-ပြင်ဆင်ထိန်းသိမ်းစရိတ် ကျပ် ၄၄,၆၂၁.၈၂၄ သန်း၊ ၀၅- ပညာရေးနှင့် လူမှုရေးအသုံးစရိတ် ကျပ် ၁,၃၉၂.၄၀၁ သန်း၊ ၀၆- ဧည့်ခံကျွေးမွေးစရိတ် ကျပ် ၃၀၂.၆၉၃ သန်း၊ ထောက်ပံ့အသုံးစရိတ်/တိုင်းရင်းသားရေးရာကိစ္စရပ်အတွက် ကျပ် ၅,၀၁၅.၀၀၀ သန်း၊ စီမံစရိတ်နှင့် အရေးပေါ်ရန်ပုံငွေ ကျပ် ၁,၀၀၅.၀၀၀ သန်း၊ ပင်စင်လစာများအတွက် ကျပ် ၄၃၀.၂၁၄ သန်း၊ စုစုပေါင်း ကျပ် ၁၁၂,၆၅၇.၅၉၃ သန်း လျာထားကြောင်း တွေ့ရှိရပါတယ်။

၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ဌာန၊ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအပါအဝင် ဆောက်လုပ်ရေးလုပ်ငန်း ကျပ် ၂၂၂,၅၆၇.၅၄၁ သန်း၊ စက်ကိရိယာ၊ ပရိဘောဂနှင့် ယာဉ်များ ကျပ် ၄,၁၀၀.၁၃၆ သန်း၊ အခြား ကျပ် ၆၅၅.၀၆၆ သန်း၊ စုစုပေါင်း ကျပ် ၂၂၇,၃၂၂.၇၄၃ သန်း ဖြစ်တာကို တွေ့ရှိရပါတယ်။ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ဌာန၊ အဖွဲ့ အစည်း အသီးသီး၏ ငွေလုံးငွေရင်းအသုံးစရိတ်များ ကျပ် ၂၂၇,၃၂၂.၇၄၃ သန်းသည် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေပါ ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု အဆိုပြုလျာထားချက်တွင် ပါဝင်သည့် ဌာန၊ အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းစီမံကိန်းများနှင့် ဆက်စပ်လျက်ရှိနေကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) ၂.၉.၂၀၂၀ ရက်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် စုစုပေါင်းရငွေ ကျပ် ၃၃၉,၉၈၀.၃၃၆ သန်း၊ စုစုပေါင်း သုံးငွေကျပ် ၃၃၉,၉၈၀.၃၃၆ သန်းဖြစ်သဖြင့် ဥပဒေကြမ်းအား ပြင်ဆင်ဖြည့်စွက်ရန် မရှိပါကြောင်းနှင့် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းဖို့နှင့် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀ (ခ)နှင့်အညီ ၂-၉-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ တင်သွင်းခဲ့ပါတယ်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ၃၁-၈-၂၀၂၀ ရက်နေ့နှင့် ၁-၉-၂၀၂၀ ရက်နေ့တို့တွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီတို့နှင့် ဌာန၊ အဖွဲ့အစည်းများ ညှိနှိုင်းဆွေးနွေး၍ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၎င်းကို အခြေပြုရေးဆွဲထားတဲ့ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုတင်ပြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ စိစစ်ပြီးဖြစ်တဲ့ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ

တင်သွင်းခဲ့သည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အတည်ပြုရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။